# အသက်ပေးသည့်နှုတ်တော်ထွက်စကား

၇



“သင်တို့အားငါအမှန်ဆိုသည်ကား ဤအငယ်ဆုံးသောသူတို့တွင် တစ်ယောက်အား ငါ၏တပည့်ဖြစ်ခြင်းကြောင့် ရေတစ်ခွက်မျှပင်ပေးသောသူသည် ထိုသူ၏ဆုလာဘ်ကို ဆုံးရှုံးလိမ့်မည်မဟုတ်ဟု မိန့်တော်မူ၏”

**(မာတေဦး ၁၀:၄၂)**



“ရေတစ်ခွက်ပဲ ဟုတ်လား! ဒါပေမယ့် ဒါက သေးငယ်တဲ့အမှုအရာလေး တစ်ခုပဲလေ။”



တို့တွေ အများကြီးလုပ်လုပ်၊ နည်းနည်းလေးပဲလုပ်လုပ် အဲဒါကအရေးမကြီးဘူး။ အခြားသူအပေါ် စေတနာစိတ်နဲ့ ပြုလိုက်တဲ့အသေးငယ်ဆုံးအမှုအရာလေးမှာ တို့တွေချစ်ခြင်းမေတ္တာ ဘယ်လောက်ထားမိလဲဆိုတဲ့ တို့တွေရဲ့ **“ဘယ်လိုလုပ်သလဲ?** ဆိုတာကသာအရေးကြီးပါတယ်။



သောက်ရေအေးလေးတစ်ခွက်ပေးလိုက်တာက ကြည့်လိုက်ရင်သေးငယ်တဲ့အမှုအရာလေး ဆိုပေမယ့် ကိုယ်တော်ရှင်၏နာမတော်၌ တို့တွေလုပ်မယ်ဆိုရင်၊ တစ်နည်းအားဖြင့် **ချစ်ခြင်းမေတ္တာနဲ့** လုပ်မယ်ဆိုရင် **ဘုရားသခင်ရဲ့အမြင်မှာ**တော့ ကြီးမြတ်သောအမှုအရာပင်ဖြစ်ပါ



## ဒီလရဲ့အသက်ပေးသည့်နှုတ်တော်ထွက်စကားက တို့တွေကိုဘာပြောသလဲ?



ဒီလရဲ့အသက်ပေးသည့်နှုတ်တော်ထွက်စကားက ကိုယ့်အိမ်စာလုပ်တာဖြစ်စေ၊ အိမ်မှုကိစ္စတွေလုပ်တာပဲဖြစ်စေ၊ ကိုယ်တွေကကူညီနေတဲ့ လူမှုရေးလုပ်ငန်းစဉ်တွေမှာဖြစ်စေ၊ ဒါမှမဟုတ် ယုံကြည်ချက်တစ်ခုတည်းသော လူမှုအသိုင်းအဝိုင်းအတွင်းမှာ သို့မဟုတ် မိတ်ဆွေသူငယ်ချင်းတွေနဲ့အတူရှိစဉ်မှာ တို့တွေလုပ်သမျှအမှုအရာတစ်ခုစီတိုင်းရဲ့တန်ဖိုးကို ပြန်လည်သိမြင်နိုင်ဖို့ အထောက်အကူပေးနိုင်ပါတယ်။




တို့တွေပြုသမျှအရာတိုင်းက အခြားသူများကို စာနာစိတ်နဲ့ ကောင်းကျိုးကိုဖြစ်စေသော နည်းလမ်းများဖြင့် အစေခံခြင်းအဖြစ်သို့ ပြောင်းလဲသွားစေနိုင်ပါတယ်။



## ဒါဖြင့်ရလဒ်က ဘာလဲ?



**ချစ်ခြင်းမေတ္တာက တို့တွေကို အမြင်သစ်ပေးပြီး အခြားသူတွေဘာလိုအပ်နေလဲဆိုတာကို သိနားလည်စေ နိုင်သလို သူတို့တွေကို ဘယ်လိုအကူအညီပေးနိုင်မလဲဆိုတဲ့ ကြံစည်ဖန်တီးမှုပြုနိုင်ဖို့လည်း အထောက်အကူပေးပါတယ်။**



လက်ဆောင်များဟာ လည်ပတ်နေတတ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ လူတွေဟာ ချစ်ခြင်းမေတ္တာခံစားရတဲ့အခါမှာ ချစ်ခြင်းဖြင့်ပြန်လည် တုန့်ပြန်ပါတယ်။ ဝမ်းမြောက်ပျော်ရွှင်ခြင်းဟာလည်း အဆတိုးပွားတတ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ **ရယူခြင်းထက် ပေးကမ်းခြင်းက ပိုပြီးဝမ်းမြောက်ပျော်ရွှင်ရလို့ပါပဲ။**


သခင်ယေရှု တို့တွေကိုတောင်းဆိုချက်က သိပ်ကိုပြင်းထန်လှပါတယ်။ သူက ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာစီးဆင်းမှုအရှိန်ကို ရပ်တံ့မသွားစေပါနဲ့လို့ ပြောပါတယ်။ သူက **နှလုံးသားတံခါးကိုဖွင့်လျက် ပြီးပြည့်စုံသောအစေခံခြင်းနဲ့အတူ လူတစ်ဦးချင်းစီသို့သွားရောက်ပါ၊ သူတို့အတွက်စဉ်းစားထားတဲ့အရာအားလုံးနဲ့ သူတို့ရဲ့အခြေအနေအကြောင်း ဘယ်လိုဝေဖန်ပြောဆိုမှုများကိုမဆို ကျော်လွှားသွားဖို့** တို့တွေကို တောင်းဆိုပါတယ်။



ဘုရားသခင်က တို့တွေရဲ့ဖန်တီးမှုစွမ်းရည်၊ အများနှင့်သက်ဆိုင်သော ဥစ္စာပစ္စည်းတို့အပေါ် တာဝန်ယူမှု တာဝန်ခံမှုနဲ့အတူ နေ့စဉ်နေ့တိုင်း သေးငယ်သောအမှုအာလေးများကအစပြုလို့ သူ့နဲ့အတူတက်ကြွစွာ ပူးပေါင်းဆောင်ရွက်စေလိုပါတယ်။ တစ်ချိန်တည်းမှာပဲ ကိုယ်တော်ရှင်သည် တို့တွေကို ကောင်းချီးပေးဖို့ ပျက်ကွက်မှာမဟုတ်ဘဲ တို့တွေရဲ့နံဘေးမှာအမြဲရှိနေမယ်၊ တို့တွေရဲ့အမှုတော်မှာ အတူရှိနေပြီး ကွယ်ကာစောင့်ရှောက်ပေးနေပါလိမ့်မယ်။



**Teens4Unity အား Patrizia Mazzola နှင့် သူမ၏စာတည်းအဖွဲ့ပြင်ဆင်ရေးသားသော အသက်ပေးသည့် နှုတ်တော်ထွက်စကားမှ ကောက်နှုတ်ထားပါသည်။**




centrogen3.rpu@focolare.org